Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


ဧပြီလ ၁၂ ရက်၊ ၂၀၂၃ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ မတ်လ၂၇ရက်မှ ဧပြီလ ၉ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ရက် – မတ်လ ၂၆ရက်၊ ၂၀၂၃ | မတ်လ ၂၇ရက်–ဧပြီလ ၉ ရက်၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၃၄၂ | ၃ | ၃၄၅ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၄၈ | | ၃၄၈ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၃၆၃ | ၁၀ | ၃၇၃ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇ | | ၁၅၇ |
| | ဒီးမော့ဆိုမြို့နယ် | ၅၆၅ | ၅ | ၅၇၀ |
| | ဖယ်ခုံမြို့နယ် | ၂၈၇ | ၃ | ၂၉၀ |
| | ဖရူဆိုမြို့နယ် | ၆၅ | | ၆၅ |
| | ဘောလခဲမြို့နယ် | ၂၃ | | ၂၃ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ မတ်လ ၂၆ ရက်နေ့ အထိ** | **IDPs အသစ် မတ်လ ၂၇ ရက် – ဧပြီလ ၉ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၂၀၂၁၁၅** | | **၂၀၂၁၁၅** |



စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မတ်လ(၂၇)ရက်မှ ဧပြီလ(၉)ရက်၊ ၂၀၂၃ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှမ်းပြည်နယ်
ဒီးမော့ဆို
ဖရူဆို
ရှားတော
သံလွင်
ဘောလခဲ
ရှာသစ်
သံလွင်
ကရင်ပြည်နယ်
# ၁
# ၂
ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
မယ်စဲ့
အညွှန်း
လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်း
အိမ်မီးရှို့ခြင်း
စကစ မှ ဖြတ်သိမ်းသော ရေ့တန်းတပ်စခန်းများ
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌာနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌာနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

**စစ်ကောင်စီ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒီးမော့ဆိုနှင့် ဖယ်ခုံမြို့နယ်တို့တွင် အရပ်သား ၃ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရ**

ဒီးမော့ဆိုမြို့နယ်၊ ပင်လောင်းနှင့်ဖယ်ခုံမြို့နယ် နယ်စပ်များ၌ စစ်ကောင်စီတပ်များသည် ကရင်နီပူးပေါင်းတပ်ဖွဲ့များ၏ ပြင်းထန်သောတိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရပြီး တုန့်ပြန်တိုက်ခိုက်သည့် အနေဖြင့် အရပ်သားများ ရှိနေသော နေရာအတွင်းသို့ လေကြောင်းအသုံးပြု တိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခြင်းများကြောင့် အရပ်သား ၃ ဦးသေဆုံးကာ ၁၀ဦး ထိမှန်ဒဏ်ရာရရှိသည့်အပြင် နေအိမ်များ၊ စစ်ဘေးရှောင်များ၏ အဆောက်အဦးများ၊ စာသင်ကျောင်းနှင့် ဘုရားကျောင်းလည်း ထိမှန်ပျက်စီးခဲ့သည်။


မတ်လ ၂၈ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါ်ရောက်ခူကျေးရွာတွင် ညနေ ၆ နာရီခန့်၌ စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ ထိုဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား ၁ ဦးသေဆုံးပြီး ၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ ထိုတရက်တည်းတွင် ဖယ်ခုံမြို့နယ်နှင့် ပင်လောင်းမြို့နယ် နယ်စပ်တွင် စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲပြင်းထန်ခဲ့ပြီး စစ်ကောင်စီမှ တိုက်လေယာဉ် လေးစီးဖြင့် တိုက်ပွဲဖြစ်ပွားသော နေရာအား ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအတွင်း မိုးဖြုပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့မှ ရဲဘော်တစ်ဦးကျဆုံးသွားခဲ့ပြီး ဒဏ်ရရှိသူများလည်း ရှိသည်။

မတ်လ ၃၀ရက်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါ်လျားခူရွာအနီးရှိ ဧည်းဘူးခူ တောင်ပေါ်ဖက်သို့ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီ၏ ခလရ (၂၈၇)တပ်နှင့် KA, KNDF ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်မှ ၁၅ဦးသေဆုံးခဲ့ပြီး စစ်ကောင်စီ၏ လက်နက်ခဲယမ်းအချို့တို့ကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ တိုက်ပွဲအတွင်း ကရင်နီအမျိုးသားများကာကွယ်ရေးတပ် တပ်ရင်း (၆)မှ ရဲဘော်တစ်ဦးကျဆုံးသွားခဲ့သည်။ တိုက်ပွဲတွင်း အထိနာသော စစ်ကောင်စီတပ်မှ မွန်းလွဲ ၁ နာရီအချိန်တွင် တိုက်ပွဲဖြစ်ပွားရာနေရာအနီးသို့ တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အထက်တန်းစာသင်ကျောင်း တစ်ကျောင်း ထိမှန်ပျက်စီးခဲ့ပြီး အသက် ၂၅နှစ်အရွယ် အမျိုးသားတစ်ဦး ထိမှန်သေဆုံးခဲ့ပါသည်။ တစ်ရက်တည်းအတွင်း ညနေပိုင်းတွင် ဒီးမော့ဆိုမြို့နယ်၊ ဒေါ်တမကြီးကျေးရွာသို့ တိုက်လေယာဉ်နှစ်စင်းဖြင့် ထပ်မံ ဗုံးကြဲခဲ့ပါသည်။

ဧပြီလ ၂ရက်နေ့၊ နံနက် ၇နာရီအချိန်တွင် ဖယ်ခုံမြို့နယ်၊ အရှေ့ဘက်ကမ်းရှိ ကျေးရွာများအတွင်းသို့ စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းကြောင့် အသက် (၅၀)အရွယ်အမျိုးသား တစ်ဦး ထိမှန်သေဆုံးခဲ့ကာ (၅)ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ လက်နက်ကြီးကြောင့် ဘုရားကျောင်းတစ်လုံးနှင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ပါသည်။



မိုးဗြဲအရှေ့ဘက်ရှိကျေးရွာများအား စကစမှ လက်နက်ကြီးများဖြင့် ပစ်ခတ်



လေကြောင်းတိုက်ခိုက်မှုကြောင့် အထက စာသင်ကျောင်းထိမှန်၊ ဒီးမော့ဆို

ဧပြီလ ၄ရက်၊ ရှမ်းပြည်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ တောင်စလုံးရွာတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ပေါင် ၅၀၀ အလေးချိန်ရှိသည့် ဗုံးတစ်လုံးဖြင့် တိုက်ခိုက်ကြောင့် နေအိမ်အချို့ ထိခိုက်ပျက်စီး ခဲ့ပါသည်။

ဧပြီလ ၇ရက်၊ နံနက် ၅ နာရီ ၄၅ မိနစ်အချိန်တွင် မိုးဗြဲအခြေစိုက် ၄၂၂ တပ်မှ မိုးဗြဲအရှေ့ဘက်ရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုများကြောင့် အသက် ၂၅ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် အသက် ၂၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးတို့အား ထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။


**Contact persons:**

Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608

Website : www.karennicsn.org

Facebook: Karenni Csn (or) https://www.facebook.com/kcsnengbur

Email: kcsn2010@gmail.com